အမှန်လား၊ အမှားအယွင်း

ကာကွယ်ဆေးများကြောင့် အော်တစ်ဇင်မဖြစ်နိုင်ပါ။



အော်တစ်ဇင် **(Autism)** သည် လူသားတို့၏ မတူကွဲပြားမှုတွင် ပုံမှန်အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

အော်တစ်ဇင်ရှိသူများသည် အခြားသူများနှင့် အတွေးမတူသကဲ့သို့ ကမ္ဘာကြီးအပေါ်ရှုမြင်ပုံလည်း မတူညီကြပါ။ ၎င်းမတူညီမှုများတွင် လူတစ်ဦး၏ လူမှုဆက်ဆံရေးများ၊ စကားပြောခြင်းနှင့် အပြုအမူများ ပါဝင်သည်။ အော်တစ်ဇင်သည် ရှုပ်ထွေးသောရောဂါတစ်ခု ဖြစ်နိုင်သော်လည်း ၎င်းသည် လူသားတို့ မတူကွဲပြားမှု၏ ပုံမှန် တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။

လိမ်လည်ဖန်တီးထားသော လေ့လာမှုတစ်ခုက ကြာရှည်ခံမည့် သံသယများကို ဖြစ်ပေါ်စေခဲ့သည်။

မဟုတ်မမှန် ပြုလုပ်ထားသော လေ့လာမှုတစ်ခုကြောင့် ရေရှည်စွဲမြဲနေသော သံသယများကို ဖြစ်ပေါ်စေခဲ့သည်။ ကာကွယ်ဆေးများနှင့် အော်တစ်ဇင်ဖြစ်ပွားမှု ဆက်စပ်နိုင်ခြေနှင့်ပတ်သက်သည့် စိုးရိမ်မှုအများအပြားသည် The Lancet ဟုခေါ်သည့် သုတေသနဂျာနယ်တစ်ခုတွင် Andrew Wakefield က ရေးသားထုတ်ဝေခဲ့သည့် လေ့လာမှုတစ်ခုမှ စတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၎င်းလေ့လာမှုတွင် ကလေး ၁၂ ဦးပါဝင်သည်။ ကလေးများသည် MMR ကာကွယ်ဆေးထိုးပြီးနောက် မကြာမီတွင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကွဲပြားမှုများ၏ ပထမဆုံးလက္ခဏာများကို တွေ့ကြုံရသည်ဟုဆိုသည်။ Wakefield သည် MMR နှင့် အော်တစ်ဇင်ကြား ထင်ရှားသော သိပ္ပံနည်းကျဆက်စပ်မှုကို ရှာမတွေ့နိုင်ခဲ့သော်လည်း MMR ကာကွယ်ဆေးကိုမသုံးစွဲသင့်ကြောင်း အဆုံးသတ် ကောက်ချက်ချထားသည်။ ၂၀၁၀ ပြည့်နှစ်တွင် ထိုလေ့လာမှုကို The Lancet က ပြန်ရုပ်သိမ်းခဲ့သည်။ Wakefield က သူ၏သုတေသနလုပ်ဆောင်ချိန်တွင် ကျင့်ဝတ်နှင့်လျော်ညီစွာ မပြုမူခဲ့ကြောင်း ရှာဖွေတွေ့ရှိခဲ့ကြသည်။ Wakefield သည် ကလေးများ၏ သွေးနမူနာကို သူ့သား၏မွေးနေ့ပါတီတွင် ရယူခဲ့သည်။ Wakefield သည် လေ့လာမှုတွင်ပါဝင်သည့် ကလေးများကို မလိုအပ်သော၊ ခန္ဓာကိုယ်အတွင်း ထိုးဖောက်စစ်ဆေးသည့် လုပ်ငန်းစဉ်များ လုပ်ဆောင်စေခဲ့သည်။ သူသည် MMR ကာကွယ်ဆေးနှင့်ပတ်သက်၍ နဂိုကပင် စိုးရိမ်ပူပန်နေကြသည့် မိဘများထံမှ ရန်ပုံငွေများရယူခဲ့သည်ဟုလည်း ထုတ်ဖော်ပြောဆိုရန် ပျက်ကွက်ခဲ့သည်။ Wakefield သည် လုပ်ငန်းခွင်ကျင့်ဝတ် ဖောက်ဖျက်မှု စွဲချက်ပေါင်း ၃၀ တွင် အပြစ်ရှိကြောင်း ဗြိတိသျှဆေးဘက်ဆိုင်ရာကောင်စီက တွေ့ရှိခဲ့သည်။ သူ၏ဆေးလက်မှတ်ကို ရုပ်သိမ်းခဲ့ပြီး ဆေးကုသခွင့်ကိုလည်း ရပ်ဆိုင်းခဲ့သည်။

ထိုမဟုတ်မမှန် ပြုလုပ်ထားသော လေ့လာမှုကြောင့် အချို့သောစောင့်ရှောက်သူများအနေဖြင့် MMR ကာကွယ်ဆေးကို မယုံကြည်ဖြစ်ခဲ့ပြီး သူတို့၏ကလေးများကို ကာကွယ်ဆေးထိုးရန် ငြင်းဆန်ခဲ့သည်။ ၎င်းသည် နောက်ဆုံးတွင် ကမ္ဘာတစ်ဝန်းလုံး ဝက်သက်ရောဂါ ပြန်လည်ဖြစ်ပွားရသည့် အကြောင်းရင်းခံ ဖြစ်လာခဲ့သည်။ ၎င်းလေ့လာမှုကို စတင်ထုတ်ဝေခဲ့သည့်အချိန်မှစ၍ ၂၈ နှစ်တာကာလအတွင်း အင်္ဂလန်နှင့် ဝေလနိုင်ငံတို့တွင်ပင် ဝက်သက်ဖြစ်ပွားသူဦးရေ ၉၀,၀၀၀ နီးပါးရှိကြောင်း အစီရင်ခံခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုသည်လည်း ဤရောဂါကို အမြစ်ပြတ်တိုက်ဖျက်နိုင်ခဲ့ပြီဟု သတ်မှတ်ခဲ့သော ၁၉၉၁ ခုနှစ်မှစ၍ ယခုအချိန်တွင် ဝက်သက်ဖြစ်ပွားမှု အမြင့်ဆုံးပမာဏကို ကြုံတွေ့နေရသည်။ ၂၀၂၅ ခုနှစ်တွင် ရောဂါတွေ့ရှိကြောင်း အစီရင်ခံထားသည့် ကိစ္စရပ် ၂,၂၈၉ ခု ရှိခဲ့သည်။

ကြီးမားကျယ်ပြန့်သော လေ့လာမှုအများအပြားက ဤအယူအဆမှားကို ချေဖျက်ပြဿထားသည်။

Wakefield ၏ မဟုတ်မမှန် လိမ်လည်ထားသော သုတေသနကြောင့် ကာကွယ်ဆေးများနှင့် အော်တစ်ဇင်တို့ ဆက်စပ်နိုင်သည်ဟူသည့် စိုးရိမ်မှုများ ကြီးထွားလာခဲ့သည်။ ၎င်းကြောင့် သုတေသနပညာရှင်များသည် ကမ္ဘာအနှံ့အပြားတွင် လေ့လာမှုပေါင်းများစွာ လုပ်ဆောင်ပြီး ကာကွယ်ဆေးများနှင့် အော်တစ်ဇင်အကြား ဆက်စပ်မှုကို ရှာဖွေခဲ့ကြသည်။ မည်သည့်လေ့လာမှုကမျှ Wakefield ၏ တွေ့ရှိမှုများကို ပြန်လည်ဖော်ထုတ်အတည်ပြုနိုင်ခြင်းမရှိသလို MMR ကာကွယ်ဆေးနှင့် အော်တစ်ဇင်ကြား ဆက်စပ်မှုတစ်ခုခုကိုလည်း ရှာမတွေ့ခဲ့ပါ။

အချိန်ကိုက်ဖြစ်သွားတာက တိုက်ဆိုင်မှုတစ်ခုပါပဲ။

အော်တစ်ဇင်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် မိဘများနှင့် စောင့်ရှောက်သူများသည် သူတို့၏ကလေး မည်သည့်အတွက်ကြောင့် အော်တစ်ဇင်ဖြစ်ရကြောင်း သိလိုကြသည်။

ကလေးများကို အသက် ၁၂ လ မှ ၁၅ လအတွင်း MMR (ဝက်သက်၊ ပါးချိတ်ရောင်နှင့် ဂျုံက်သိုး) ကာကွယ်ဆေး ထိုးလေ့ရှိသည်။ ၎င်းသည် ကလေးများတွင် အော်တစ်ဇင်ရောဂါလက္ခဏာများ စတင်ပြသသည့်အသက်အရွယ်နှင့်တူညီနေသည်။ ဤအချိန်တိုက်ဆိုင်မှုကြောင့် စောင့်ရှောက်သူများသည် ကာကွယ်ဆေးနှင့် မိမိတို့ကလေး၏ အော်တစ်ဇင်ရောဂါလက္ခဏာများ ဆက်စပ်နေသည်ဟု ထင်ကြခြင်းဖြစ်သည်။

သို့သော်လည်း လေ့လာမှုများစွာအရ အော်တစ်ဇင်နှင့် ကာကွယ်ဆေးများကြားတွင် ဆက်စပ်မှုမရှိကြောင်း ပြသနေသည်။

တိုးလာမှုများကို ရောဂါရှာဖွေဖော်ထုတ်နိုင်စွမ်း တိုးတက်လာမှုများဖြင့် ရှင်းပြနိုင်သည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၀ အတွင်း အော်တစ်ဇင်ရှိသည့်ကလေးအရေအတွက် တိုးလာပါသည်။ သို့သော်လည်း အော်တစ်ဇင်ရောဂါဟု သတ်မှတ်သည့် စံသတ်မှတ်ချက်များနှင့် ရောဂါရှာဖွေနိုင်သည့် အခွင့်အလမ်းများမှာလည်း ပိုမိုများပြားလာခဲ့သည်။ ယနေ့ခေတ်တွင် အတိတ်ကာလနှင့်ယှဉ်လျှင် အော်တစ်ဇင်အကြောင်း အသိပညာများ ပိုမိုကျယ်ပြန့်လာပါသည်။ မိဘများ၊ ဆရာများနှင့် ဆရာဝန်များသည်

အော်တစ်ဇင်လက္ခဏာများကို ပိုမိုကောင်းမွန်စွာ သိရှိလာကြပြီး ကလေးများကို ရောဂါစစ်ဆေးရှာဖွေရာတွင် ပိုမိုကူညီနိုင်လာကြပါသည်။ ယနေ့ခေတ်တွင် အော်တစ်ဇင်ရောဂါလက္ခဏာရှိကြောင်း တွေ့ရှိရသည့် ကလေးများသည် ယခင်အချိန်က ထိုသို့ရောဂါသတ်မှတ်ခံရချင်မှ ခံရမည်ဖြစ်သည်။ မည်သည့်အရာကြောင့် အော်တစ်ဇင်ဖြစ်ပွားရကြောင်းကို သိပ္ပံပညာရှင်များက လေ့လာနေကြဆဲဖြစ်သည်။ အော်တစ်ဇင်ရောဂါလက္ခဏာ ရှာဖွေတွေ့ရှိမှု များပြားလာခြင်းကြောင့် သုတေသနပညာရှင်များသည် အော်တစ်ဇင်ဖြစ်စေသည့်အကြောင်းရင်းများကို ရှာဖွေလေ့လာခဲ့ကြသည်။ လက်ရှိအယူအဆများအရ ၎င်းသည် မျိုးရိုးဗီဇနှင့်ဆိုင်ပြီး မွေးဖွားမလာမီကပင် စတင်ရှိနေခဲ့သည်ဟုဆိုသည်။ ဥပမာ၊ အမြွာများကို လေ့လာမှုများအရ ချွတ်စွပ်တူသည့်အမြွာတစ်ဦးတွင် အော်တစ်ဇင်ရောဂါ တွေ့ရှိလျှင် အခြားအမြွာတွင်လည်း ရောဂါစစ်ဆေးတွေ့ရှိနိုင်ခြေ ၉၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု တွေ့ရပါသည်။ ကိုယ်ဝန်ဆောင်ချိန်အတွင်း ပတ်ဝန်းကျင်လွှမ်းမိုးမှုများကလည်း အော်တစ်ဇင်ဖြစ်စေနိုင်သည်ဟု သုတေသနများက ထောက်ပြထားသည်။ ရောဂါဖြစ်စေနိုင်သည့် အလားအလာရှိသော အခြားအချက်များကို သုတေသနပညာရှင်များက ဆက်လက်ရှာဖွေနေကြဆဲဖြစ်သည်။

ကံကောင်းစွာဖြင့် ကာကွယ်ဆေးများ သို့မဟုတ် ကာကွယ်ဆေးတွင်ပါဝင်သည့်ပစ္စည်းများကြောင့် အော်တစ်ဇင်ဖြစ်စေခြင်း ရှိ၊ မရှိ ဆိုသည်ကို သိပ္ပံနည်းကျ ဖြေရှင်းပြီးဖြစ်သည်။ အဖြေမှာရှင်းပါသည်- ကာကွယ်ဆေးများကြောင့် အော်တစ်ဇင်မဖြစ်နိုင်ပါ။

MMR ကာကွယ်ဆေးသည် ဘေးကင်းသော်လည်း ဝက်သက်ရောဂါမှာမူ အန္တရာယ်ရှိသည်။

ဝက်သက်ရောဂါသည် အဆုတ်ရောင်ခြင်း၊ ဦးနှောက်ရောင်ရမ်းခြင်း၊ အကြားအာရုံဆုံးရှုံးခြင်းနှင့် သေဆုံးခြင်းတို့အထိ ဖြစ်စေနိုင်သည့် အန္တရာယ်များသော ကူးစက်ရောဂါတစ်ခု ဖြစ်သည်။

မိဘ သို့မဟုတ် စောင့်ရှောက်သူ တစ်ဦးအနေဖြင့် သင်သည် သင့်ကလေးကို ကာကွယ်ဆေးထိုးပေးရန် ယုံကြည်စိတ်ချစွာ ရွေးချယ်နိုင်သည့် သဘောပင်ဖြစ်သည်။

MRR ကာကွယ်ဆေးမထိုးမီ အမေရိကန်တွင် နှစ်စဉ်၊

- အမေရိကန်နိုင်ငံသား ၃ သန်းမှ ၄ သန်းခန့် ဝက်သက်ရောဂါ ကူးစက်ခံခဲ့ရသည်။
- ဝက်သက်ရောဂါကြောင့် လူရာပေါင်းများစွာ သေဆုံးခဲ့သည်။
- လူထောင်ပေါင်းများစွာ ဆေးရုံတက်ရောက် ကုသခဲ့ရသည်။
- အသက် ၁၅ နှစ် မပြည့်မီ ကလေးတိုင်းနီးပါး ဝက်သက်ရောဂါ ကူးစက်ခံခဲ့ရသည်။

IMMUNIZE FOR GOOD

IMMUNIZE COLORADO